တရားမပုံစံအမှတ် ၄၄

**ရောင်းချရန်ကြော်ငြာစာ**

**တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆**

**ညောင်ဦးခရိုင် တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် ၃၁**

**မန်နေဂျာ ၊ မြန်မာ့စီးပွားရေးဘဏ်လီမိတက် ညောင်ဦးမြို့** } နှင့် { **၁။ ဦးသန်းဌေး ၂။ ဒေါ်သီသီပြုံး**

ဒီကရီအနိုင်ရသူ တရားရှုံးများ

ညောင်ဦးခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၂/၂၀၂၁ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ၊ ၂၆ ရက်၊နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက်လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေ ကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှ သာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည်၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေ အကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကိုအထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ လ ၁၉ ရက်နေ့တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်း ချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

တံဆိပ်

(သီတာနွယ်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

ပစ္စည်းစာရင်း

မန္တလေးတိုင်းဒေသကြီး ၊ ညောင်ဦးမြို့နယ် ၊ ပုဂံမြို့သစ် ၊ ကျော်စွာရပ် ၊ မြေကွက်အမှတ် (၄၆-က) ၊ အကွက်အမှတ် (၆) ၊ ကျော်စွာရပ် ၊ မြေချိန်ဧရိယာ (၀.၀၅၅)ဧကရှိ ဂရန်မြေ နှင့် ယင်းမြေကွက်ပေါ်ရှိ (၁၁x၂၅) (၂၆x၁၆) (၂၁x၈) (၁၅x၆)ပေရှိ (၁)ထပ် B.N တိုက် အဆောက်အဦ

| | | |
|---|---|---|
| အရောင်းကြော်ငြာစာ ပြန်သွင်းမည့်နေ့ | - | ၂၆.၁၂.၂၀၂၃ |
| ရောင်းချမည့်နေ့ | - | ၂၆.၁.၂၀၂၄ |
| လေလံကြမ်းခင်းဈေး | - | ကျပ်သိန်း(၁၈၀၀) |